MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာများအတွက်**

**အမြတ်ဝေစုများအား ထုတ်ယူနိုင်မည့် အစီအစဉ်များကို အသိပေးကြေညာချက်**

ရက်စွဲ။ ။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ( ၂၆ )ရက်။

၁။ မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ (၂၉.၉.၂၀၂၅) ရက်နေ့တွင် ကျင်းပသည့် (၅/၂၀၂၄-၂၀၂၅) ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု (Dividend) ၉၀ ကျပ်နှုန်း ဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၈) ရက်နေ့မှ စတင်၍ခွဲဝေပေးရန် ဆုံးဖြတ်ကြပါသည်။ (၂၆.၁၁.၂၀၂၅) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နဝမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးမှလည်း အစုရှယ်ယာရှင်များထံ အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာလ (၂၄ ) ရက် (YSX Record Date) ရှိ အစုရှယ်ယာရှင်စာရင်းအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစု (Dividend) ခံစားခွင့်ရှိသော အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုများကို အောက်ပါအစီအစဉ်အတိုင်း ပေးအပ်သွားမည်ဖြစ်ပါသည်။

**(က) ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များ**

ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအတွက် အစုရှယ်ယာရှင်များ စာရင်းဖွင့်လှစ်ထားသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ ဘဏ်အကောင့်များသို့ တိုက်ရိုက်လွှဲပြောင်းပေး မည်ဖြစ်ပါသည်။

(ခ) **ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားခြင်းမရှိသော အစုရှယ်ယာရှင်များ**

ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားခြင်းမရှိသေးသော အစုရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစု ထုတ်ပေးရန် အောက်ပါ အချက်အလက်များ အပြည့်အစုံကို ထင်ရှားစွာ ဓါတ်ပုံရိုက်၍ အစုရှယ်ယာရှင်၏ အီးမေး(သို့မဟုတ်)ဖုန်း Viber ဖြင့် MAEX ရှယ်ယာဌာနEmail share@maex.com.mm သို့မဟုတ် Viber ဖုန်းနံပါတ် 09889955485 နှင့် 09883016868 သို့ ပေးပို့တောင်းခံရပါမည်။

(က)အစုရှယ်ယာရှင်ပိုင်ဆိုင်မှတ်တမ်း Share Certificate (ရှေ့/နောက်)။

(ခ) အစုရှယ်ယာရှင်၏ မှတ်ပုံတင် (ရှေ့/နောက်)၊

(ဂ) အမြတ်ဝေစုလွှဲပေးမည့် ဘဏ်စာရင်း(သို့) Pay နံပါတ်/အမည်

အစုရှယ်ယာရှင်များ ပေးပို့သော ဘဏ်စာရင်းအမှတ် (သို့) Pay နံပါတ်သို့သာ အမြတ်ဝေစုများ လွှဲပြောင်းပေးသွားမည် ဖြစ်ပါသည်။

အစုရှယ်ယာအနည်းစုပိုင်ဆိုင်သည့် အစုရှင်များအဆင်ပြေစေရန်အတွက် အစုရှယ်ယာ ၁ စု မှ ၁၀၀၀၀ စုထိ ပိုင်ဆိုင်သော အစုရှယ်ယာရှင်များအနေဖြင့် ငွေသားထုတ်ယူလိုပါက MAEX ရုံးချုပ်တွင်လည်း ရှယ်ယာရှင်ပိုင်ဆိုင်မှု မှတ်တမ်း Share Certificate (မူရင်းနှင့် မိတ္တူ) ၊ အစုရှယ်ယာရှင်၏ မှတ်ပုံတင် (မူရင်းနှင့် မိတ္တူ) တို့နှင့်အတူ ရုံးချိန်အတွင်း အစုရှယ်ယာရှင်ကိုယ်တိုင် လာရောက် ထုတ်ယူနိုင်ပါသည်။

မှတ်ချက် - လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် ဘဏ်မှ ငွေလွှဲပေးပို့ရာတွင် အချိန်အနည်းငယ် နောက်ကျမှုများ ရှိနိုင်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၃။ တည်ဆဲဝင်ငွေခွန် ဥပဒေအရ ရရှိမည့် အမြတ်ဝေစုအပေါ်တွင် ဝင်ငွေခွန်ထပ်မံ ပေးဆောင်ရန် မလိုပါ။

**ဒါရိုက်တာအဖွဲ့**

**မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**